# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

မော်တော်ယာဉ်ပိုင်ဆိုင်အသုံးပြုသူသည် ယာဉ်မှတ်ပုံတင်၊ ယာဉ်ထားရန်နေရာ ရရှိခြင်း၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ မပင်မနေရ အာမခံထားခြင်း စသည့် ဥပဒေဆိုင်ရာ ဖြတ္တရားရှိပါသည်။ ထို့ပြင် မော်တော်ယာဉ်ဝယ်ရန်ကုန်ကျငွေအပြင် ဓါတ်ဆီဖိုး၊ အာမခံထားငွေ၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရန်အတွက်ကုန်ကျငွေ၊ မော်တော်ယာဉ်အခွန်၊ ပြင်ဆင်စရိတ် စသည့် ကုန်ကျစရိတ်များ ရှိမည်ကိုမှတ်သားထားပါ။

## 2-1 မော်တော်ယာဉ်မှတ်ပုံတင်

အောက်ဖော်ပြပါအခါများ၌ နေထိုင်ရာအရပ်တွင် သက်ဆိုင်ရာ ပို့ဆောင်ရေးဌာနခွဲ၌ မှတ်ပုံတင်ရန်လိုအပ်ပြီး မော်တော်ယာဉ်များ အားလုံးသည် နံပါတ်ပြား တပ်ဆင်ထားရပါမည်။ မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းမှာ မော်တော်ယာဉ်ဝယ်သောဆိုင် စသည်တို့တွင် ကိုယ်စား ဆောင်ရွက်ခိုင်းနိုင်ပါသည်။ ထို့နောက် မော်တော်ယာဉ်ဝယ်ယူ၍ မှတ်ပုံတင်ရာတွင် ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံး (D အခြားအကြောင်းကြားခြင်းများ 5 လက်မှတ်တံဆိပ်တုံးတွင်ကြည့်ရန်) လိုအပ်ပါသည်။

| မှတ်ပုံတင်ရန်လိုအပ်သည်များ | မှတ်ပုံတင်ရန်နေရာ |
|---|---|
| ・မော်တော်ယာဉ်ဝယ်ယူလျှင်<br>・ပိုင်ရှင် လိပ်စာနှင့် အမည်ပြောင်းလျှင်<br>・မော်တော်ယာဉ် လွှဲပြောင်းပေးအပ်၊ လွှဲပြောင်းရယူလျှင်<br>・မော်တော်ယာဉ်ဖျက်သိမ်းလျှင်<br>・နံပါတ်ပြားပျောက်ဆုံးလျှင် | နေထိုင်ရာအရပ်တွင် တရားစီရင်အုပ်ချုပ်သော ပို့ဆောင်ရေးဌာနခွဲ |